# မင်းမြတ်သုရ

## ဆားပုလင်းမင်းအောင်

နှင့်

## နေမင်း၏သမီးတော်



ပန်းချီ-ရဲခေါင်

# နတ်သမီးနှင့် တွေ့ချင်သူတစ်ဦး




သူ့ဆိုင်သည် အချက်အပြုတ်ကောင်းခြင်း သန့်ရှင်းသပ်ရပ်ခြင်း..ဖော်ရွေခြင်းတို့ကြောင့် စားသောက်သူတို့နှင့် အမြဲပင် စည်ကားနေလေ့ရှိ၏။
သူ့ဆိုင်တွင် အချက်အပြုတ်တာဝန်ယူသူမှာ လွန်စွာ စိတ်တိုတက်သော လူပုကလေးတစ်ဦးဖြစ်၏။
တစ်နေ့သ၌ မောင်ပညာ သည် ရာဝင်အိုးကြီးထဲတွင် သိုမှီထားသော ပဲဆီများကိုကြည့်ကာ
ဆီတွေ ဝယ်ထားသော ရက်ပိုင်းပဲ ရှိသေးတယ်.. တော်တော်လျော့နေပါလား



ဟင်းကောင်းကောင်း ချက်ချင်ရင် ဆီများများ သုံးရတယ်..
ဆီနည်းရင် ဟင်းမကောင်းဘူး.. ဟင်းမကောင်းလို့ စားတဲ့သူ မရှိရင် ဆိုင်ပြုတ် သွားမယ်..
ခင်များလည်း လမ်းဘေးမှာ ဆီထမင်း ပြန်ရောင်းနေရမယ်...
အဲသလိုဆို ခင်များကို ကြိုက်တဲ့လူရှိမှာ မဟုတ်ဘူး.. ခင်များလည်းတစ်သက်လုံး မိန်းမရမှာ မဟုတ်ဘူး
တဖန် မောင်ပညာ သည် ထင်းများ ထားသိုရာသို့ သွားကြည့်ကာ..
ထင်းတွေလည်း အများကြီးလျော့နေ ပါလား မလိုအပ်ဘဲ ထင်းတွေကို အရမ်း သုံးတယ်နဲ့ တူတယ်...


ဒီမယ် ကိုပညာ..ဟင်းတွေ နူးချင်ရင် ထင်းများများသုံးရ တယ်..ထင်းများများမသုံးရင် ဟင်းတွေ မနူးနိုင်ဘူး..ဒါဆို လူတွေလည်း လာစားမှာ မဟုတ်ဘူး...
ခင်များလည်း ဆိုင်ဖြုတ်ပြီး လမ်းဘေးမှာ ဆီထမင်း ပြန်ရောင်းရမယ်.. ဒါဆို ခင်များတစ်သက်လုံး မိန်းမရဖို့ လမ်းမမြင်ဘူး..
မောင်ပညာသည် ရှုးရှုးရှားရှား ဖြစ်ကာ..
ဒီနေ့ကစပြီး ဆီနဲ့ထင်းကိုချွေတာ သုံးပါ..မသုံးနိုင်ရင် တော့..ကျုပ်ဆိုင်က ရောင်းတော့..


ဒီနေ့က စပြီး ဆီတွေ ထင်းတွေ အများကြီး သုံးမယ်...
သို့သော် လူပုကလေးသည် ဘဲသား ဟင်းချက်မည့် အိုးထဲသို့ဆီများစွာ ထည့်လေသည်..ထင်းများကို လည်း အများကြီး ထည့်ကာ..
ဟော့ကောင်တွေ.. ငါဆိုင်နောက်မှာ တစ်ရေး တမောအိပ်လိုက်ဦးမယ်.. ဘယ်ကောင်မှ လာမနိုးနဲ့. နိုးတဲ့ကောင် ငါနဲ့. အတွေ့ပဲ..
စားပွဲထိုးများကို ကြိမ်းဝါးပြီးသော် ဆိုင်နောက်ဝင်အိပ်နေလေ တော့သည်။



လူပုလေး နိုးသောအခါ နူးချင်းတိုင်းနူး..အိချင်တိုင်း အိကာ ဆီများရွှဲနစ်နေလေသည်။
ထို့ကြောင့် ညနေစောင်းသည်အထိ စားပွဲထိုးများသည် လူပုကလေးအား မနိုးရဲဘဲ.. ဘဲသားအိုးကို ထိုင်ကြည့်နေရလေသည်..
ထိုနေ့ညစာကို သာရဝေါဘက်မှ ကူးလာသော အရေးပိုင်ကြီးက ထိုဆိုင်တွင် စားလေရာ ဘဲသားဟင်းကိုစားမိ၍
ကျုပ်တစ်သက်မှာ ဒီလောက်ကောင်းတဲ့ ဘဲသားဟင်းမျိုးအစား ဖူးဘူး..


အိမ်ရောက်သောအခါ
အောက်လင်းမီးကြီးကို
ထွန်းညှိ၍ငွေများကို
ရေတွက်လေရာ
ထိုအထဲတွင် အနီရောင်
စာရွက်တစ်ရွက်ကို
တွေ့လိုက်ရလေသည်။
ဘာလေးပါလိမ့် ဟု ယူကြည့်
လိုက်ရာ ထိုစက္ကူပေါ်တွင် အနက်ရောင်
မင်ဖြင့် ဝိုင်းစက်စွာ ရေးထားသော
အောက်ပါစာကို တွေ့ရလေသည်။
လူတိုင်းရဲ့ ဘဝမှာ နာကျည်း
ကြေကွဲဖို့ ကောင်းတဲ့ နောက်ခံ
ဇာတ်လမ်းလေးတွေရှိခဲ့ဖူးမှာပါ
သင့်ဘဝရဲ့ နာကျည်းကြေကွဲခြင်းကို
အဆုံးသတ်ချင်းတယ်ဆိုရင်တော့
သုဝဏ္ဏဘူမိနေပြည်တော်ဟောင်းရှိတဲ့
အရပ်မှာ နတ်သမီးကို တွေ့လည့်ပါ...
အလို!
၈



နောက်တစ်နေ့ ထမင်းဆိုင်ဖွင့်ချိန်နီးသော အခါ..ဈေးဝယ်ရန် မောင်ပညာ ရောက်မလာသဖြင့် လူပုလေးနှင့် စားပွဲထိုးများသည် မောင်ပညာ၏ အိမ်သို့လိုက်လာခဲ့ကြသည်..အိမ်တံခါးပိတ်ထားသည်ကို တွေ့ကြရ၏..အိမ်နံရံရှိကြေးစာရင်းများမှတ်လေ့ရှိသော သင်ပုန်းကြီးတွေမှ အောက်ပါစာကို တွေ့ရလေ၏..
'ချစ်လှစွာသော လူပုလေးနှင့် ရွှေဘိုးအဖွဲ့သားများ ခင်ဗျား၊
ခင်ဗျားတို့ ဒီစာကို ဖတ်နေတဲ့အချိန်မှာ
ကျွန်တော်ဟာ ခရီးဝေးတစ်နေရာကို
ရောက်ရှိနေပါပြီ—


ကျွန်တော် ရုတ်တရက် ထွက်ခွာသွား
ရတဲ့ အကြောင်းရင်းကတော့ သုဝဏ္ဏ
ဘူမိ နေပြည်တော်ဟောင်းက နတ်သမီးနဲ့
တွေ့ဖို့ပါ - နတ်သမီးနဲ့ ဘာကြောင့်တွေ့ရ
သလဲဆိုတော့ ရွှေအိုးရဲ့ ဘဝမှာ နာကျည်း
ကြေကွဲဖွယ်ကောင်းတဲ့ ဇာတ်လမ်းလေးတွေ
ရှိခဲ့ပြီ မဟုတ်ပါလား ခင်ဗျာ -
(မောင်ပညာ)
ထိုအချိန်က စ၍ လက်ပံတန်းဘူတာ ထမင်းဆိုင်မှာ မောင်ပညာ သည် ပျောင်ခြင်းမလှ ပျောက်၍ သွားလေတော့ရာ အများက ဒဏ္ဍာရီ သဖွယ် ပြောဆို၍ နေကြလေတော့သတည်း။
ရွှေအိုး
ထမင်းဆိုင်

# နတ်သမီးကို တွေ့ရသည်ပါ


မြန်မာပြည် မြေလတ်မြို့ကြီး တစ်မြို့ မြို့ပြင်ခြံကြီးတစ်ခြံတွင် မြန်မာ့ရိုးရာ ဗန်းတိုဗန်ရှည် သိုင်းအတက်ကို သင်ကြားပေးနေသော မောင်ရွှေသန်းဟူသည် သိုင်းဆရာတစ်ဦးရှိ၏..
မောင်ရွှေသန်းသည်လူပျိုကြီးဖြစ်သဖြင့် တ ပည့်တစ်ပန်းများမှာ လွတ်လွတ်လပ်လပ် နေထိုင်နိုင်ကြသည်..


မောင်ရွှေသန်းသည် ညနေတိုင်း လက်ရွေးစင် တပည့်များနှင့် သိုင်း ကစားလေ့ရှိရာ..
တပည့်များက မည်သို့ပင် ဝိုင်းဝန်း တိုက်ခိုက်ကြစေကာမူ သူ့ကိုအနိုင်ရအောင် မတိုက် နိုင်ဘဲ ရှိ၏..
ထို့ကြောင့် တချို့တပည့် များက မောင်ရွှေသန်း လို သိုင်းပညာ ရှင်မျိုး ဤဇမ္ဗူတွင် မရှိနိုင် ဟုပင် မိုက်မဲစွာ ယုံကြည်နေကြ၏..


တစ်နေ့ မောင်ရွှေသန်းသည် တပည့်များနှင့် သိုင်းလေ့ကျင့်ပြီးနောက် ရေချိုးရန် ခြံနောက်ဘက်ရှိ ရေတွင်းဆီသို့ ထွက်လာသောအခါ တပည့်သုံး လေးဦးသည် တစ်စုံ တစ်ရာ ကို ဝိုင်းအုံကြည့်ရှုနေကြသည်ကို တွေ့ရလေ၏..
ထိုအရာကို မောင်ရွှေသန်းကြည့်လိုက်သောအခါ.. ရေတွင်းနံရံတွင်ရေးထားသောစာ တချို့ကို တွေ့ရလေသည်။



သင့်ဘဝရဲ့ နာကျည်းကြေကွဲခြင်းကို အဆုံးသတ်ချင်တယ်ဆိုရင်တော့..သုဝဏ္ဏဘူမိနေပြည်တော်ဟောင်းရှိတဲ့ အရပ်မှာ နတ်သမီးကိုတွေ့လှည့်ပါ..
မောင်ရွှေသန်း၏ တပည့်များက စာကိုဖတ်ကာ..
တစ်ယောက်တစ်ပေါက် ဝေဖန်လျက်ရှိ၏.
ခြံထဲကို ဘယ်အရူး ဝင်ပြီး ပေါက်တက်ကရ ရေးသွားလည်း မသိဘူး..


ထို့နောက်စာကို ဖတ်၍ ငေးငေးငိုင်ငိုင်ဖြစ်နေသော မောင်ရွှေသန်းအား..
ဆရာ.. ဘာတွေစဉ်းစား နေသလဲ
သုဝဏ္ဏဘူမိက နတ်သမီးနဲ့တွေ့ချင် လို့လား ..
တပည့်များ ဝိုင်း၍ နောက်ပြောင်ကြသည်ကို မောင်ရွှေသန်းက မည်သို့မှ မပြောဘဲ အိမ်ကလေးထဲသို့သာ ဝင်ရောက်သွားလေတော့သည်...



နောက်တစ်နေ့ သူ့တပည့်များ ရောက်လာသောအခါ..ထိုအိမ် ကလေးတွင် မောင်ရွှေသန်းကို လုံးဝ မတွေ့ရတော့ချေ..
ခေါင်းအုံးအောက်တွင် စာကလေးတစ်စောင်ကိုသာ တွေ့ကြရလေသည်..
ထိုစာမှာ...
တပည့်တို့ရေ.. ဆရာတော့ သုဝဏ္ဏဘူမိနေပြည်တော် ဟောင်းမှာ နတ်သမီးနဲ့တွေ့ဖို့ ခရီး ထွက်သွားပြီ သင်တန်းကျောင်းလေး ပိတ်လိုက်ရတာ ဝမ်းနည်းပါတယ်.. တကယ်တော့ လူတိုင်းလူတိုင်းရဲ့ ဘဝမှာ နာကျည်းကြေကွဲဖွယ်ကောင်းတဲ့ နောက်ကြောင်းခံ ဇာတ်လမ်းလေးတွေ ရှိစမြဲ မဟုတ်ပါလားကွာ..

# ဘိုကပြား အသတ်ခံရမှု



တစ်နေ့သ၌ ကျွန်ုပ်သည် အိပ်ရာမှ မထသေးသော ဇနီးချော မေ အတွက် ကော်ဖီတစ်ခွက်ကို အကျအနဖျော်ပြီး ပေါင်မုန့်ကို မီးကင်ထောပတ်သုတ်နေစဉ် ဆားပုလင်းမင်းအောင်ရောက်ရှိလာပြီ..
အိုင်ပီ စောစောစီးစီး အလုပ်များနေပါလား
မေနေမကောင်းလို့ မနက်စာကို ကိုယ်တိုင် ထပြီး စီစဉ်နေရတယ်..


စောစောစီးစီး ဘာကိစ္စတုန်းဗျ
ရေတာရှည်လမ်းမှာ ဘိုကပြား တစ်ယောက် ဆုဆိုက်လုပ်သွားတယ်.. ဗဟန်းဂါတ်က အကူအညီ တောင်းလို့ အိုင်ပို့ဆီ ထွက်လာခဲ့တာပဲ..
ဒါဆို ခဏဗျာ..
ကျွန့်ပ်လည်း ကမန်းကတန်း အဝတ်အစားလဲကာ.. ဆားပုလင်းမင်းအောင်နှင့် အတူ အိမ်မှ ထွက်လာခဲ့ ကြပြီ..


လမ်းတွင်ပုဇွန်တောင်
မြခွာညိုလမ်းရှိ စံထောက်
ဦးပေါ်ဦးကြီး အိမ်သို့ ဝင်ကာ
သူ့ကိုပါ ခေါ်ဆောင်လာခဲ့
လေတော့သည်..
အမှုဖြစ်သွားရာ ခြံရှေ့
ရောက်သောအခါ
ဗဟန်းဂါတ်မှ ဌာနအုပ်ဦးဘကြိုင် ကြိုဆိုကာ
အိမ်ကြီးထဲသို့ ခေါ်ဆောင်သွားလေသည်..
အိမ်ကြီးက အနောက်တိုင်း ဆန်ဆန်ဆောက်လုပ်
ထားသည်ကိုတွေ့ရ၏..


အထဲတွင်သွားသောအခါ အိပ်ခန်းတွင်းရှိ စာကြည့်စားပွဲဘေးတွင် လဲကျသောဆုံးနေသော အသက် ( ၄၀) ခန့်ရှိလူကိုတွေ့ကြရလေ၏ ရင်ဝတွင် သေနတ်ဒဏ်ရာ ရရှိကာ လက်တစ်ဖက်က သေနတ်ကို ဆုပ်ကိုင်ထားလေသည်.
ဒီလူနာမည်က ဒေါ်နယ် တဲ့ အင်းလျားလမ်းက စားသောက်ဆိုင်ကြီး တစ်ဆိုင်ကို ပိုင်တယ်..သေသူဟာ ကျောက်မြောင်းမှာနေတဲ့ ဝေဝေဆိုတဲ့ မိန်းကလေးနဲ့ လက်ထပ်ဖို့ကြောင်းလမ်းထားတယ်..
ဝေဝေက သူ့ချစ်သူနဲ့ခိုးရာ လိုက်ပြေးသွားလို့ ခုလို့ သတ်သေသွားတယ် ထင်တာပဲ..



သူ့ကိုယ်သူ သတ်သေမယ့် အကြောင်းကို စာတစ်စောင်ရေးထားခဲ့တယ်.. စာက စားပွဲပေါ်မှာပါ..
ဆားပုလင်း မင်းအောင်က စားပွဲပေါ်ရှိ လက်နှိပ်စက် ရိုက်ထားသော စာတစ်စောင် ကို ယူကာ ဖတ်ကြည့်လေ၏..
ကျွန်ုပ် သည်မှာ ချစ်မြတ်နိုးလှသော
ဝေဝေနှင့် မပေါင်းရသော ဘဝတွင်
အသက်ရှင် မနေလိုတော့ပါ—
ထို့ကြောင့် ကျွန်ုပ်၏ အသက်ကိုယ်ကို
အဆုံးစီရင်၍ ဝမ်းနည်းကြေကွဲမှု
များကို အဆုံးသတ်လိုက်ပါပြီ—


ခင်များတို့ သေသူ အခန်းထဲကိုရောက်တော့..စာကိုစားပွဲပေါ်မှာပဲ တွေ့ရသလား
ဟုတ်တယ်.. ခင်များရောက်မလာခင် သဲလွန်စတွေ ပျောက်ကုန်မှာ စိုးလို့ ပုလိပ်တွေကိုတောင် အခန်းထဲ မဝင်ခိုင်းဘူး...
ဆားပုလင်းမင်းအောင်က စားပွဲပေါ်ရှိ ပန်ကာကို စစ်ဆေးကြည့်၏..ပန်ကာ၏ ဓာတ်ကြိုးသည် ပလပ်ပေါက်မှ ပြုတ်ထွက်နေရာ သေသူ လဲကျစဉ် ဓာတ်ကြိုးနှင့် ထိမိပြီး ပြုတ်ထွက်သွားဟန် တူ၏..



ထို့နောက် ဆားပုလင်း မင်းအောင်က တရှုံ့ရှုံ့ ငိုနေသော ကပြားမလေးကို စစ်ဆေးလေသည်
မင်းက သေ သူနဲ့ ဘယ်လိုတော်စပ်သလဲ..
ကျွန်မက ညီမပေါ့..မိဘတွေ မရှိတော့ ဒီမောင်နှမ နှစ်ယောက်တည်း ရှိပါတယ်..
ဒီနေ့ မနက်စောစော ကျွန်မအိပ်ရာက နိုးလို့ ဝတ္ထုဖတ်နေတုန်း အစ်ကို အခန်းက သေနတ်သံ ကြားလို့ပြေးလာ တော့..
သွေးအိုင်ထဲ လဲနေတဲ့ အစ်ကိုကို တွေ့ရတော့တာပါပဲ..
ဆားပုလင်း မင်းအောင်က ခေါင်းညိတ်၍ နားထောင် နေပြီးမှ..



မင်းပြောတာတွေဟာ အမှန်တွေချည်းပဲလား
ကျွန်မက ရှင့်ကို ဘာကြောင့် လိမ်ပြော ရမှာလဲ..
ဝမ်းနည်းပါတယ်.. မင်းကို အစ်ကိုရင်းဖြစ်တဲ့ ဒေါ်နယ်ကို သတ်မှုနဲ့ ဖမ်းရတော့မှာပဲ..
နောက်ဆုံးတော့.. မိန်းကလေးမှာ ငိုရှိုက် ကာ ဝန်ခံရလေတော့၏..
ကျွန်မမှားပါ တယ်ရှင်..လောဘ စိတ်ကြောင့် သတ်မိ ပါတယ်..


တော်ပါပေတယ် ကိုမင်းအောင်ရယ်...
ဦးဘကြိုင်က တောင်ပန်းသဖြင့် ဆားပုလင်းမင်းအောင်သည် ဂျွန်ပလေးယာစီးကရက်ကို ဟန်ပါပါခဲကာ..
ဒါကြောင့်လည်း ကျော်ကြားပေတာကိုး.. သဲလွန်စကောက်ယူပုံလေး ရှင်းစမ်းပါ ဦးဗျာ..
ဟောဒီ ပန်ကာဓာတ်ကြိုး ပလပ်ပေါက်က ပြုတ်ထွက်နေတာဟာ သေသူ လဲကျချိန်က ခိုက်မိခဲ့လို့ ဆိုတာကို ခင်များတို့ လက်ခံတယ်နော်..
ဒါဆို သေသူက သေကြောင်း ကြံစည်တယ်ဆိုတဲ့ စာကို စားပွဲပေါ် တင်တဲ့အချိန်မှာ ပန်ကာ လည်နေရမယ်..
၂၆


ဒီအတိုင်းဆို ပန်ကာလေ အရှိန်ကြောင့် စာဟာစားပွဲပေါ်ရှိ နေနိုင်မှာမဟုတ်တာသေချာတယ်.. ဒီတော့ လူသတ်သမားဟာလူကိုသတ် ပန်ကာရပ်သွားပြီ..
လက်နှိပ်စက် ရိုက်ထားတဲ့စက်ကို စားပွဲပေါ်တင်ထားတယ် ဆိုတာထင်ရှားတယ်..ဒီလို လုပ်နိုင်တာကလည်း..အမွေ ကိစ္စကြောင့် သူ့ညီမက လွဲပြီး ဘယ်သူမှ မရှိ နိုင်ပဲကိုး..
သူ့စကားအဆုံးတွင်..ကျွန်ုပ်တို့အားလုံး က ဝိုင်းဝန်းလက်ခုပ်တီးကာသြဘာပေး လိုက်ကြလေတော့သတည်း..


ကျွန်ုပ်တို့လူစု ရေတာရှည်လမ်းမှ အင်းစိန်စီအိုင်ဒီသို့ပြန်ခဲ့ကြရာ ဝင်းထဲရောက်သည်နှင့် ပြာတာမောင်ရွှေ သည်ရေးကြီး သုတ်ပြာပြေးထွက်လာပြီး...
ကုက္ကိုင်းဘက်က စားသောက်ဆိုင်မှာ လူသတ်မှုဖြစ်လို့တဲ့.. ကိုစိန်မြင့်တို့လူစု တော့ သွားကြပြီဗျို့..
ဒီနေ့ကံမကောင်းဘူး လူသတ်မှုတွေနဲ့ချည်း တွေ့နေရသည်..
ဦးပေါဦး က ငြီး၏။


ရှန်ဟဲစားသောက်ဆိုင်ဝင်းကြီး ၏ တစ်နေရာတွင် လှပသောရေကန်ငယ် တစ်ကန်ရှိကာ ကန်ထဲတွင် ကြာပန်း ငယ်များဖူးပွင့်နေ၏..
သေဆုံး၏ အလောင်းကို ကမ်းစပ်တွင် တွေ့ရလေသည်..


အလောင်းကို ကုန်းပေါ်သို့သယ်သွား၍ စစ်ဆေးကြည့်ရာ စားပွဲထိုးဝတ်စုံကို ဝတ်ဆင်ထားသောလူငယ်တစ်ယောက် ဖြစ်ကာ လည်းပင်တွင် ခက်ရင်း တစ်ချောင်းက အဆုံးထိ နစ်ဝင် နေကြောင်း တွေ့ကြရလေသည်.. မန်နေဂျာက ရှင်းပြ၏။
သေသူက မောင်ရွှေသန်းဆိုတဲ့ ဆိုင်က စားပွဲထိုး တစ်ယောက် ပါပဲ..
ဒီနေ့ မနက်မှ အလောင်းကို တွေ့ကြရတာပေါ့.. သူ့က သိုင်းသမားတစ်ယောက် ဆိုပေမယ့် သိမ်မွေ့စွာနေထိုင် တက်ပါတယ်..အားတဲ့အခါ ဆိုင်က လူငယ်တွေကို သိုင်းသင်ပေးတက် ပါတယ်..


ဆားပုလင်း မင်းအောင်သည် ရေကန်နှင့် အနီးရှိစားပွဲ ဆီသို့ သွားရောက် စစ်ဆေး သောအခါ..
စားပွဲပေါ်မှာစားလက်စအစားအသောက် များနှင့် ကွဲနေသောပန်းကန်ပြားကြီး တစ်ချပ်ကို တွေ့ရလေသည်..အနီးတွင် ချုပုတ်တစ်ခုလည်းရှိ၏..
ဒီစားပွဲခုံကို ညက ဘာလို့ မသိမ်း တာလဲ..